# Idolလေးရဲ့ ချစ်ပိုပြင်

( တစ်ခေတ်သစ် )



# Idol လေးရဲ့ ချစ်ပုံပြင်

## အပိုင်း ( ၁ )

"ဟိ ... ဟိ ... "

"မိသံစဉ် ... ညည်းတစ်နေကုန်ဖုန်းပဲ ကြည့်နေတော့မှာလား။ အိမ်အလုပ်လေးဘာလေး ဝိုင်းကူလုပ်ဖို့ စိတ်ကူးမရှိဘူးလား"

"မားမားကလည်း သံစဉ်လုပ်ပေးပါတယ်။ အခုက Y ရဲ့ Live လာနေလို့ပါနော် ... နော်"

"ညည်းတစ်နေ့ တစ်နေ့ သူ့ထိုင်ကြည့်နေလို့ ဘာရလဲ။ အလကား ဖုန်းဘေလ်အကုန်ခံပြီး ကြည့်နေတယ်။ ပြီးရင် သူကြော်ငြာတဲ့ ပစ္စည်းမှန်သမျှ လိုက်ဝယ်တယ်။ ဟိုက ညည်းရှိလို့ ရှိမှန်းတောင် သိမှာ မဟုတ်ဘူး။ "

"မားမားကလည်း သူသံစဉ်ကို သိဖို့မလိုပါဘူး။ သံစဉ်ကသာ သူ့သိနေရရင် ကျေနပ်တယ်။ တော်ပြီ မား သံစဉ် ဆက်ကြည့်လိုက်ဦးမယ်"

"အေး ညည်းလည်း ငါမပြောချင်တော့ဘူး"

ဒေါ်နှင်းနွယ်လည်း သူမရဲ့သမီးဖြစ်သူကို ကြည့်ရင်း သက်ပြင်းချကာ အခန်းပြင်သို့ ထွက်သွားလေသည်။

သံစဉ်ရဲ့ နာမည်အပြည့်အစုံကတော့ တေးသံစဉ်ပါ။ သံစဉ်ရဲ့ပုံစံကတော့ အသားဖြူဖြူ ဆံပင်တို့မှာ လည်ကုပ်လောက်သာရှိပြီး ဆံမြိတ်လေးလည်း ချထားသည်။ ပန်းနုရောင် နှုတ်ခမ်းသားလေးရယ် ရင်ခွင်မီအရပ်တို့ကြောင့် အလွန်ပင် ချစ်ဖို့ကောင်းလှသည်။ သံစဉ်က Yရဲ့ Fan girl တစ်ယောက်ပါ။

သူ့အကြောင်းနဲ့ပတ်သက်ရင် ထမင်းမေ့ ဟင်းမေ့ ဒါကြောင့် မားမားက အမြဲ ဆူလေ့ရှိသည်။ သံစဉ်မှာ မောင်လေးတစ်ယောက်ရှိသေးတယ်။ သူ့နာမည်က လေပြေပါ။ မောင်လေးက အခုမှ ၈တန်းပဲရှိသေးတယ်။

သံစဉ်လည်း သူမရဲ့အမေ အခန်းပြင်ထွက်သွားတော့ Live ပြန်ကြည့်ရန် ဖုန်းဖွင့်နေချိန်

"တီ ... တီ ... "

"Hello ... သံစဉ်"

"ဟဲ့ မေ နင်နဲ့ငါ့မားမားက သားမိတွေလား။ ငါ Yကိုကြည့်ပြီဆို မားက အော်လိုက် နင်ကဖုန်းခေါ်လိုက်နဲ့။ ပြောစရာရှိတာ မြန်မြန်ပြော ငါမအားဘူး။ "

"အမယ် နင်ကပဲပြောရတယ် ရှိသေးတယ်။ ငါအခုပြောမှာ နင်ရဲ့ Y အကြောင်းနော်။ ငါမပြောဘဲ နေလိုက်မှာနော်"

"ဟမ် ... ငါ့Y လေးအကြောင်းလား။ သဲလေး အချစ်တုံးလေး ပြောပြပါနော် ... နော်ဆို"

"အေး အေး ပြောမယ်။ တစ်ခါတည်း သူ့Yအကြောင်းဆိုတော့ လေသံက အစ ပြောင်းသွားတယ်"

"ဟဲ့ ... နင်ဒီနေ့ပြောဦးမှာလား"

"အေးပါဟယ် ပြောပါပြီ။ ငါ့အစ်မက သူ့အလုပ်ကိစ္စကြောင့် စတိတ်ရှိုးလက်မှတ် ၃ စောင်ကို ငါ့ပေးတယ် ဟ။ အဲ့စတိတ်ရှိုးမှာ နင့်Yလည်း လာဖျော်ဖြေမှာတဲ့။ အဲဒါနင်လိုက်မှာလား။ "

"ဟာ ... မလိုက်စရာလား။ ငါ့အသဲလေးနဲ့ တွေ့ရမယ့်ပွဲကို ငါမလိုက်ရအောင်အထိ ငါမရူးသေးဘူး။ လိုက်မယ် မေ ဘယ်နေ့လဲ။ နင်နဲ့ငါပဲလား။

လက်မှတ်က ၃စောင်ဆို။ "

"သန်ဘက်ခါ သွားမှာ။ နင်ရယ် ငါရယ် ရှိုင်းရယ်"

"ဟင် ရှိုင်းပါ ပါတာလား"

"အေးလေ။ ဘာလို့လဲ"

"ဘာမှမဖြစ်ဘူး။ ဒါပဲမလား ဒါဆို Bb"

"aww အေး Bb"

တေးသံစဉ်လည်း သူမရဲ့သူငယ်ချင်း မေလင်းထက်နဲ့ဖုန်းပြောပြီးတော့ Yရဲ့ Live ကိုဆက်ကြည့်နေလိုက်တော့သည်။

***

"Y ... မင်းအသံက တစ်နေ့တခြား ပိုပိုကောင်းလာတယ် ကွာ။ ပြောစမ်းပါဦး နည်းလမ်းလေး"

"ငါမှာတော့ ဘာနည်းလမ်းမှ မရှိဘူး။ သိချင်ရင် google မှာရှာကြည့်"

Y တစ်ယောက်ပြောလည်းပြောရင်း သူ့နားနေခန်းရှေ့ရောက်တော့

"မလှဲ့ကိုပြောလိုက်။ ငါခဏနားမယ်လို့"ပြောပြီး အခန်းထဲသို့ ဝင်သွားလေသည်။

"ဟာ ... ဒီကောင်ကွာ။ ငါကအကောင်းပြောတာကို သူက ခနဲ့သွားတယ်။ အေးပါ ... "

Y ဆိုသည်မှာ အောင်မြင်ကျော်ကြားနေတဲ့ idol တစ်ယောက် သူ မလုပ်တတ်တဲ့အရာဆိုတာ မရှိသလောက် အရာအားလုံးကို သူလုပ်နိုင်တယ်။ အသားဖြူဖြူ အရပ်က ၁၇၈ cm လောက်ရှိပြီး နီရဲနေတဲ့ နှုတ်ခမ်းသားတစ်စုံကို ပိုင်ဆိုင်ထားသူပါ။ သူ့ရဲ့ချေတတ်တဲ့ ပုံစံလေးကြောင့် fanတွေများလာရခြင်း ဖြစ်သည်။ အပြင်ပန်းက ကြည့်ရင် ဘယ်အရာမှ မကြောက်

တတ်တဲ့ ပုံစံဖြစ်နေပေမဲ့ တကယ်တန်းတော့ အတွင်းစိတ်ထား အရမ်းကောင်းမွန်တဲ့ လူသားတစ်ယောက်ပါ။ သူ့မှာ အရမ်းချစ်ရတဲ့ မလဲ့ဆိုတဲ့ မန်နေဂျာ မမရယ် သူငယ်ချင်း မိုးတိမ်ရယ်ပဲ ရှိတယ်။

မိုးတိမ်လည်း သူ့အားခန့်သွားသော Yကို မကျေမနပ်ဖြစ်ကာ Yရဲ့ မန်နေဂျာဖြစ်သူ မလဲ့ဆီသို့ ထွက်လာခဲ့တော့သည်။

"မလဲ့ ... "

"aww ... မိုးတိမ် ဘာကိစ္စ"

"ဘာကိစ္စဖြစ်ရမှာလဲ။ မလဲ့ရဲ့ချစ်လှစွာသော မောင်လေး ကျွန်တော်မျိုးရဲ့ အချစ်ဆုံးသူငယ်ချင်း Yပေါ့။ "

"Y ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး မလဲ့ကလည်း။ သူက နားတော့မယ်တဲ့"

"omm ငါကမသိပါဘူး။ သူတစ်ခုခုများဖြစ်လားလို့"

"သူကတော့ မဖြစ်ဘူး။ ဖြစ်တာ ကျွန်တော်"

"မင်းက ဘာဖြစ်နေလို့လဲ"

"Y ပေါ့။ ကျွန်တော်က သူ့အသံကောင်းလို့ ချီးကျူးပြီးတော့ နည်းလမ်းလေး ရှိရင်ပြောလို့ ပြောတာကို ... သိချင်ရင် google က ရှာတဲ့"

"Haha ဘာတဲ့ google က ရှာ ဟုတ်လား"

"မလဲ့ မရီနဲ့ ဗျာ"

"မရီပဲနေလို့ မရဘူး။ မင်းက အမှတ်မရှိပဲ အချေစိန်ကိုသွားပြီး စတာကို"

"ကျွန်တော်က ဒီတိုင်းမေးတာကို သူက ... "

"ကဲ ... ထားပါတော့။ အခုသူဘယ်မှာလဲ"

"သူ့ရဲ့ နားနေခန်းထဲမှာ"

"Body guard တွေကရော"

"မသိဘူးလေ"

"ဘာ ... "

"လန့်လိုက်တာ မလဲ့ရယ်။ ဖြည်းဖြည်း အော်ပါ"

"ဒါဆို အခု သူတစ်ယောက်တည်းလား။ "

"ဟုတ်တယ်"

"ဟာ ... ဒုက္ခတွေရောက်ကုန်တော့မှာပဲ"

"ဟာ ... မလဲ့ မလဲ့"

လဲ့ရတနာ လည်းY ကိုစိတ်ပူတဲ့အတွက်ကြောင့် သူ့ရဲ့နားနေခန်းသို့ အမြန်ပြေးသွားလေသည်။ အနောက်မှလည်း မိုးတိမ်က လဲ့ရတနာကို နားမလည်နိုင် အကြည့်ဖြင့်ကြည့်ရင်း အမီလိုက်သွားလေသည်။

***

Y တစ်ယောက် နားနေခန်းထဲမှာ တစ်နေကုန်ပင်ပန်းထားသမျှကို အတိုးချပြီး နားနေစဉ် တံခါးဖွင့်သံကြောင့်

"မလဲ့ ... ကျွန်တော် ခဏလောက်နားမယ်လို့ ပြောထားတယ်လေ"မျက်လုံးများမှိတ်ရင်း ပြောလိုက်လေသည်။

"ဟက် ... ခဏပဲ မနားနဲ့ တစ်သက်လုံးနားလိုက်တော့"

Y လည်း လူစိမ်းတစ်ယောက်အသံကြောင့် မျက်လုံးများ ဖွင့်ရင်း ခေါင်းထောင်ကြည့်လိုက်တော့ ... လူတစ်ယောက်

သူ့မျက်နှာကို အမည်းရောင် maskဖြင့်ဖုံးကွယ်ထားပြီး အိပ်ဆောင်ဓားကို

လက်မှာကိုင်ဆောင်ရင်း Yဆီသို့ ပြေးဝင်လာတဲ့ အတွက်ကြောင့် Yလည်း အလျင်အမြန် တိမ်းရှောင်လိုက်ပြီး

"မင်း ဘယ်သူလဲ။ ဘာကိစ္စနဲ့ အခုလိုလုပ်ရတာလဲ"

"တောက်စ် ... တော်တော် အမေးအမြန်း ထူတဲ့ကောင်"

ထိုလူလည်း ထိုသို့ပြောရင်း Y ကို ဓားဖြင့်ထိုးရန် တစ်ဖန်ကြိုးစားလေတော့သည်။ ထိုအချိန်

"သူ့ကို အခုချက်ချင်းဖမ်းလိုက်စမ်း"

Y တစ်ယောက် အသံကြားရာကို ကြည့်တော့ မလဲ့နဲ့ မိုးတိမ် တို့၂ယောက် body guard တွေနဲ့ ဝင်လာပြီး အခုနလူကို ဖမ်းခိုင်းလေသည်။ ထိုလူက မလဲ့တို့ကို မလိုမ့်တပတ် လုပ်ကာ ထွက်ပြေးသွားလေသည်။ မလဲ့က ထိုလူအနောက်ဆက်လိုက်ရန် ပြင်နေစဉ်

"မလဲ့ ... ဆက်မလိုက်နဲ့တော့။ "

"ဒါပေမဲ့ ... "

"ထားလိုက်တော့ ကျွန်တော်လည်း ဘာမှဖြစ်တာ မဟုတ်ဘူး"

"အင်းပါ ဒါနဲ့ didi မင်းအဆင်ပြေလား"

"အင်း ပြေပါတယ်"

"Y အဲဒါတော့ မင်းလွန်သွားပြီ"မိုးတိမ် အစမရှိ အဆုံးမရှိ ပြောလိုက်တဲ့စကားကြောင့်

"ဘာကိုလဲကွ"

"ဘာကမှာလဲ။ မင်း မလဲ့ကိုကျ didi လို့ ပေးခေါ်ပြီး ငါ့ကိုကျ Y လို့ ခေါ်ခိုင်းတယ်လေ"

"ဒါဆို မင်းလည်း ခေါ်ပေါ့။ လူတွေ အရှေ့မှာ မခေါ်နဲ့ Ok"

"Ok"

"ကဲ ... ဒါဆိုလည်းပြန်ကြရအောင်"

"ဟုတ် ..."ချယောက်သားပြိုင်တူဖြေလိုက်ရင်း ...

***

"သား ... မင်းအစ်မကိုသွားခေါ်ခဲ့။ ထမင်းစားမယ်လို့"

"ဟုတ် မားမား"

လေပြေလည်း မားမားရဲ့ စေခိုင်းမှုကြောင့် သူ့အစ်မရှိရာ အပေါ်ထပ်သို့ တက်သွားလေသည်။ အခန်းရှေ့ရောက်တော့

"ဒေါက် ... ဒေါက် ... ဒေါက် ... "

"မမ မားမားက ထမင်းစားမယ် ဆင်းလာခဲ့တဲ့"

"Aa ငါလာမယ်လို့"

လေပြေလည်း ပြောပြီး အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။

ခဏအကြာမှာတော့ သံစဉ်ဆင်းလာတော့ ...

"Aww ဆင်းလာသေးတယ်နော်။ ကျုပ်က ညည်းမစားတော့ဘူးတောင် ထင်နေတာ"

"ဟိ ... ဟိ မားမားကလည်း မစားစရာလား။ သံစဉ် သီချင်းdownload လုပ်နေလို့ပါ"

"ညည်းပြောလိုက်ရင် ဒါပဲ။ ကဲ စားစရာ စားတော့"

"ဟုတ် မားမား"

" ... . "

သံစဉ်လည်း ထမင်းစားပြီးတော့ ဟင်းပန်းကန်များ ဝိုင်းသိမ်းပေးနေရင်းမှ

"သံစဉ် ... "

"ရှင် ... နောက်ထား။ လူအရင်လာ"

"ငါ့ကို လမ်းထိပ်က ဆေးဆိုင်မှာ သွေးထိန်းဆေးလေး သွားဝယ်ပေး ... "

"ဟုတ် ... မားမား"ပြောပြီး အလှည့်အထွက်

"မိသံစဉ် ... ညည်းသေချာဝယ်လာနော်။ ဟိုတစ်ခါလို ဆေးမှားလို့ကတော့ ညည်းမလွယ်ဘူး။ ရှပ်ပြာ ရှပ်ပြာနဲ့"

"မားမားကလည်း သမီးလေးတစ်ယောက်တည်း ရှိတာကို နှိပ်ကွပ်ဖို့ပဲ"

သံစဉ်လည်း သူမရဲ့အမေကို ပြောကာ လမ်းထိပ်သို့ ထွက်လာခဲ့တော့သည်။

***

Y တစ်ယောက် ညနေက ကိစ္စတွေကို ပြန်တွေးရင်း အိပ်မရဖြစ်နေသည့်အတွက် စိတ်ပြေလက်ပျောက် ဖြစ်ရန် အပြင်သို့ ထွက်လာခဲ့တော့သည်။ ထိုအချိန် သူသတိထားမိတာက သူ့အနောက်မှာ လူတစ်ယောက်က သူသွားတဲ့နေရာတွေကို တောက်လျှောက်လိုက်နေတာပဲ။ သူလည်း လမ်းကို ခပ်မြန်မြန်လျှောက်လိုက်ပြီး ထိုလူကို မျက်ခြည်ပြတ်သွားအောင် လုပ်ပေမဲ့ အဆင်မပြေ ဖြစ်နေတော့သည်။ ထိုအချိန်မှာပဲ သူ့ရဲ့ လက်ကို တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်တော့

***

သံစဉ်လည်း သူမအမေ ဝယ်ခိုင်းတဲ့ဆေးကိုဝယ်ပြီး အိမ်ပြန်လာစဉ် ဂျာကင်အင်္ကျီဝတ်ထားပြီး mask တပ်ထားတဲ့ လူတစ်ယောက်အနောက်ကို

ဦးထုပ်ကို ခေါင်းငိုက်ဆောင်းထားသော လူတစ်ယောက်က လိုက်နေတာကို မြင်တော့ မသင်္ကာတဲ့အတွက် အခြေအနေကို ကြည့်နေရင်းမှ နောက်က လိုက်နေတဲ့လူက ဓားထုတ်လိုက်တာကို မြင်လိုက်လေသည်။ သူမလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်ကာ အနောက်ကကို အာရုံလွှဲပြီး

mask တပ်ထားတဲ့လူရဲ့ လက်ကို ဆွဲကာ လမ်းကြားထဲသို့ ဝင်ပုန်းလိုက်လေသည်။

အခုနလူက သူလိုက်နေတဲ့ လူပျောက်သွားတဲ့အတွက် အသည်းအသန် ရှာနေလေသည်။ မတွေ့တဲ့အဆုံး ပြန်သွားတာကို သံစဉ်တွေ့လိုက်တော့ စိတ်အေးပြီး သူလက်ဆွဲထားတဲ့ လူကို လှည့်အကြည့် … . …

***